**ဖက်ဆစ်တော်လှန်ရေး**

(၁၂-၁၂-၈၉ ရက်နေ့တွင် ဖက်ဆစ်တော်လှန်ရေး ၄၅ နှစ်မြောက်နေ့၏ အကြိုအဖြစ် ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော၏ ဟောပြောချက်ကို ထပ်မံ၍ ဖော်ပြခြင်းဖြစ်ပါသည်။)

(စာတည်းအဖွဲ့)

## အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု ဖတပလ(ဖဆပလ) အဖွဲ့ချုပ်ကြီး စတင်ဖွဲ့စည်းရန် လုံးပန်းအားထုတ်ခြင်း

ကျွန်တော်တို့အား ကျွန်တော်တို့၏ ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်က ဂျပန်ဖက်ဆစ်တော်လှန်ရေးအတွင်း ကျွန်တော်တို့ ပါဝင်ဆောင်ရွက်ခဲ့သော အခန်းကဏ္ဍထဲမှ ပြည်သူအများသိရှိရန် လိုအပ်မည့်အကြောင်းအရာ တခုခုကို မှတ်တမ်းအဖြစ် ရေးသားထားခဲ့ရန် တောင်းဆိုခဲ့သည်။ ကျွန်တော်ရေးလိုသော အကြောင်း ၃ - ၄ ခုမျှ ရှိပါသည်။ ပထမအကြောင်းမှာ ဖက်ဆစ်တော်လှန်ရေးအတွင်းက ကျွန်တော်တာဝန်ကျတဲ့ ပဲခူး၊ ရွှေကျင်၊ သထုံခရိုင်များ ပါဝင်သည့် တိုင်း ၄ အတွင်းက ဖက်ဆစ်တို့အား တော်လှန်တိုက်ခိုက်ခဲ့သော တိုက်ပွဲများအကြောင်း ဖြစ်ပါသည်။ သို့ရာတွင် ထိုအကြောင်းအရာများကို တော်လှန်ရေးကြီးပြီးစ ကျင်းပသော သမိုင်းဝင် နေသူရိန် စည်းဝေးပွဲကြီးတွင် ကျွန်တော်က ညီညွတ်ရေးအဆိုကို တင်သွင်းရင်း ထိုတိုက်ပွဲများအကြောင်း အတော်စုံလင်စွာ ပြောဆိုတင်သွင်းခဲ့ရာ ထိုစဉ်သတင်းစာများအရ ပြည်သူအများ သိခဲ့ကြပြီး ဖြစ်သည်။ နောက် ၁၉၅၇ ကျွန်တော် စစ်တပ်က ထွက်ပြီးနောက် ကျွန်တော်၏ "ပြည်တွင်းငြိမ်းချမ်းရေးသဘောထားနှင့် လက်ရွေးစင်မိန့်ခွန်းများ" ဟူသော စာအုပ်ငယ်တအုပ် ထုတ်ရာတွင် နေသူရိန်မိန့်ခွန်းဆိုပြီး ထိုစဉ်က ပြောခဲ့သော တိုက်ပွဲများအကြောင်းလည်း ပါဝင်ခဲ့ပြီးဖြစ်ရာ ပြည်သူအများ ထပ်မံသိပြီးဖြစ်ပါသည်။ ထိုစဉ်က တိုင်း ၄ ၏ တိုက်ပွဲစာရင်းချုပ်ကို တင်ပြခဲ့ရာ ထိုစဉ် မပြည့်စုံသေးသော စာရင်းများအရ ၁၉၄၅ ခုနှစ် မတ်လ ၂၇ မှ ဩဂုတ်လ ၁၀ ရက်အထိ တိုက်ပွဲပေါင်း ၃၂၄ ပွဲ၊ ဂျပန်စစ်သား ၂,၇၇၅ ကျဆုံးစေပြီး၊ ၁,၁၈၄ ဦး ဒဏ်ရာရစေခဲ့ပြီး သုံ့ပန်း ၂၅ ဦး ရခဲ့သည်။ ကျွန်တော်တို့ဘက်မှ ရဲဘော် ၇၆ ဦးကျပြီး ၇၂ ဦး ဒဏ်ရာရခဲ့ကြသည်ဟု ဖော်ပြခဲ့သည်။ ထိုတိုက်ပွဲများအကြောင်း ပြည်သူအတော်များများ သိပြီးဖြစ်၍ ကျွန်တော် အခု မပြောလိုတော့ပေ။

ယခုကျွန်တော် ဖက်ဆစ်တော်လှန်ရေးအတွက် အခြေခံအရေးကြီးသော လုပ်ငန်းကြီးတခုဖြစ်သော အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုကြီး (ဖတပလ) ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့၊ နောက် (ဖဆပလ) ဖြစ်လာသော ညီညွတ်ရေးအဖွဲ့ချုပ်ကြီး စတင်ဖွဲ့စည်းရေးတွင် ကျွန်တော်တို့ လုံးပန်းအားထုတ်ရပုံ အခန်းကို ကျွန်တော် ဖော်ပြသွားပါမည်။

ဖက်ဆစ်စနစ် ပေါ်ပေါက်လာရသည့်အကြောင်းမှာ ကမ္ဘာ့အရင်းရှင် လက်ဝါးကြီးအုပ် နယ်ချဲ့တို့ရဲ့ ပြင်းထန်လှသော စီးပွားရေး၊ နိုင်ငံရေး အကျပ်အတည်းတို့မှ ပေါက်ဖွားပေါ်ပေါက်လာခြင်း ဖြစ်သည်။ ၎င်းတို့ အကျပ်အတည်းကို ကျော်လွှားနိုင်ရန် ဖန်တီးကြိုးစားချက် ဖြစ်သည်။

ဖက်ဆစ်များဟာ အီတလီ၊ ဂျာမနီ၊ ဂျပန်တို့တွင် ပေါက်ဖွားထွန်းကားလာပြီး ထို ၃ နိုင်ငံ ၁၉၃၀ ကျော်တွင် ဝင်ရိုးတန်းမဟာမိတ် ဖွဲ့ကြသည်။ နောက်တွင် ကွန်မြူနစ်စနစ်ကို ချေမှုန်း၊ ဒီမိုကရေစီစနစ်ကိုပါ ရိုက်ချိုးဖိနှိပ်ပြီး ၁၉၃၉ ကစပြီး ကမ္ဘာကြီးကို နောက်ထပ်ခွဲဝေ၊ ကိုလိုနီကျွန်ဇာတ်အသစ်သွင်းရန် ကမ္ဘာကြီးကို မီးဟုန်းဟုန်းတောက်အောင် တိုက်ခိုက်လုယက်သိမ်းပိုက်ကြရန် ရက်စက်ကြမ်းကြုတ်စွာ ဖျက်ဆီးကြတော့သည်။ ကမ္ဘာကြီးမှာ လူ့ သမိုင်းတွင် မကြုံဖူးသော ဖက်ဆစ်ကပ်ဘေးအန္တရာယ်ကြီး ဆိုက်ရောက်ရတော့သည်။

ယင်းဖက်ဆစ်ကပ်ဘေးကြီးကို ဆိုဗီယက်နိုင်ငံပြည်သူများနှင့် ဖက်ဆစ်နိုင်ငံတွင်းက ပြည်သူအချို့ပါ ကမ္ဘာ့ပြည်သူတရပ်လုံး တပ်ပေါင်းစုကြီးအသွင်ဖြင့် များစွာအဆုံးအရှုံးခံပြီး တခဲနက်တော်လှန်တိုက်ခိုက်ကြကာ ၁၉၄၅ တွင် အောင်ပွဲရယူခဲ့ကြသည်။

ကျွန်တော်တို့ မြန်မာပြည်မှာလည်း ဂျပန်ဖက်ဆစ်အောက် ကျရောက်ခဲ့ရာ ဤကမ္ဘာ့ ဖက်ဆစ်တော်လှန်ရေးကြီးတွင် များစွာစွန့်လွှတ်ထိခိုက်ခံပြီး မိမိတို့လွတ်လပ်ရေးအတွက် ဂုဏ်ရောင်ပြောင်စွာ ပါဝင်တိုက်ခိုက်ခဲ့ပေသည်။ ထိုတိုက်ပွဲတွင် မြန်မာပြည်မှ ပါဝင်ခဲ့သောအခန်းမှာ ကမ္ဘာကလေးစားရလောက်အောင် အောင်မြင်ခဲ့သဖြင့် ဂုဏ်သိက္ခာကြီးမားခဲ့ရပြီး၊ ယင်းကြောင့် နောက်ပိုင်းတွင် လွတ်လပ်ရေးကို လျင်မြန်စွာရရှိခဲ့သည်။ ထိုစဉ် ကျွန်တော်တို့အောင်ပွဲ ကြီးမားပုံကို ဗိုလ်ချုပ်အောင်ဆန်းက ၂၉ - ၈ - ၄၅ နေ့၊ ရန်ကုန်မြို့တော်ခန်းမ ဟောပြောပွဲတွင် ဖက်ဆစ်တော်လှန်ရေးအတွင်း တိုက်ပွဲပေါင်း ၁,၀၀၀ ကျော်၊ ဂျပန်စစ်သား ၂၀,၀၀၀ (နှစ်သောင်း) ကျော် သတ်ဖြတ်နိုင်ခဲ့ပြီး သုံ့ပန်းအများလည်း မိခဲ့သည်။ တိုက်ပွဲတပွဲတွင် ဂျပန် ၅၄ တပ်မဌာနချုပ်ကို ဝင်တိုက်ရာတွင် ဒုဗိုလ်ချုပ်ကြီး ၁၊ ဗိုလ်ချုပ် ၂ နှင့် ဦးစီးအရာရှိအချို့ကို အားလုံးသုတ်သင်နိုင်ခဲ့သည်ဟု ပြောသွားသည်။ နောက်ပိုင်း မဟာမိတ်တို့ တင်ပြတဲ့ စာရင်းအရ ဗိုလ်ချုပ်အောင်ဆန်းတင်ပြတဲ့ စာရင်းထက်ပင်များကြောင်း သိခဲ့ရသည်။

သို့ဖြင့် ဤကမ္ဘာ့ဖက်ဆစ်တော်လှန်ရေးကြီးသည် ကမ္ဘာ့လူသားတို့၏ ခေတ်သစ်သမိုင်းတွင် ကြီးမားလှသော အဖြစ်အပျက် အောင်ပွဲကြီး ဖြစ်သကဲ့သို့ ကျွန်တော်တို့မြန်မာ့သမိုင်းတွင်လည်း ပြည်သူတို့၏ ကြီးမားသော အောင်ပွဲဖြစ်သည်။

ဖက်ဆစ်တော်လှန်ရန် (ဖတပလ) အမျိုးသားတပ်ပေါင်းစု အဖွဲ့ချုပ်ကြီးဖွဲ့စည်းခြင်း

ဘီဒီအေတပ်အဖြစ် ဖွဲ့ခဲ့သော တပ်မတော်မှာ ၁၉၄၃ လောက်ကစပြီး စည်းကမ်းစနစ် လျော့လျော့ရဲရဲ ဖြစ်လာသဖြင့် တပ်မတော် ပြန်လည်တည်ဆောက်ရန် ပဲခူးတွင် ၁၉၄၄ နှစ်ဦးပိုင်းက စပြီး စံပြတပ်ရင်းထောင်ပြီး တပ်အသီးသီး ကိုယ်စားလှယ်များကို သင်တန်းပေးခဲ့သည်။ ထိုစံပြတပ်ရင်းကို ကျွန်တော့်အား အုပ်ချုပ်လေ့ကျင့်စေခဲ့သည်။

ထိုသို့ သင်တန်းပေးနေရင်း သင်တန်းလည်း ဆုံးခါနီး ၁၉၄၄ ဖွန်လကုန်ခါနီးလောက်တွင် ဗိုလ်ချုပ်အောင်ဆန်းက သူ့အိမ်ကို လာရန် ကျွန်တော့်ကို အခေါ်လွှတ်၍ ရန်ကုန်ပတ်လမ်းရှိ ဗိုလ်ချုပ်အိမ်ကို ကျွန်တော် သွားရသည်။

ဗိုလ်ချုပ်က ကျွန်တော့်အား ဒေးဒရဲမြို့နယ်အတွင်းရှိ ကွန်မြူနစ်ပါတီခေါင်းဆောင် သခင်စိုးကို ဂျပန်တော်လှန်ရေးအတွက် သူနှင့်ဆွေးနွေးရန် ကျွန်တော်က သွားခေါ်ဆောင်ပြီး ပဲခူးရှိ ကျွန်တော့်အိမ်တွင် ထားရန်။ နောက် သူပဲခူးသို့ လည်ပတ်သလိုလာပြီး တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း အစီအစဉ်များကို ပြောပါသည်။ အားလုံး လုံခြုံရေးအတွက် ကျွန်တော်က တာဝန်ယူရမည်ဖြစ်ကြောင်းနှင့် သွားလာဖို့အစီအစဉ်ကို သခင်သန်းထွန်းက စီစဉ်ပေးမည်ဖြစ်ကြောင်း ပြောပါသည်။

ကျွန်တော့်မှာ ဖက်ဆစ်တော်လှန်ရေးကိစ္စကြီး ရှိနေသော်လည်း မိမိ၏ များပြားလှသော အလုပ်တာဝန်တွေ ပိနေသဖြင့် အကြောင်းကိစ္စတချို့ ပေါ်လာသည့်အခါမှလွဲ၍ ထိုကိစ္စကို ဖိဖိစီးစီး မစဉ်းစားနိုင်ခဲ့။ ယခုတော် လှန်တော့မည့်သဘော သိလိုက်ရသဖြင့် စိတ်တွင်များစွာလှုပ်ရှားရိုက်ခတ်ပြီး စိတ်ရွှင်လန်းလာပါတော့သည်။

ကျွန်တော့်စံပြတပ်ရင်းတွင် ကွန်မြူနစ်ဂါဒနှင့်ပတ်သက်သော စာတမ်းအတိုအစကလေးများ တခါတရံ တွေ့ရှိဖတ်မိသည်။ ယင်းကိစ္စ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒီကြားထဲ တွေ့သည့်အခါ ပြောမိသည်။ နောက် ကျွန်တော်က ဂျပန်တော်လှန်ရေးအတွက် စည်းရုံးထားပြီး မြေအောက်လုပ်ငန်းလုပ်နေသူ ပဲခူးတွင် ကိုကြီးမြင့်ရှိရာ ၎င်းထံမှ မြန်မာပြည်ထဲတွင် ကွန်မြူနစ်ပါတီရှိပြီး ဂျပန်ဖက်ဆစ် တော်လှန်ရေးအတွက် စူးစူးစိုက်စိုက် အနံ့အပြား စည်းရုံးစိုင်းပြင်းနေကြောင်း သိရှိလာရသည်။

ကျွန်တော် ဗိုလ်ချုပ်ထံမှ တော်လှန်ရေးစတော့မည့်သဘော နားလည်လိုက်သည့်အချိန်အခါမှာ နောက်ပိုင်း သိရှိနားလည် လာရသည်ပါကြည့်လျှင် ဖက်ဆစ်တို့တွင် အင်အားအကြီးဆုံး ဂျာမနီသည် သူတို့၏ အဓိက ရည်မှန်းချက်ဖြစ်သော ဆိုဗီယက်ရုရှားကို အကြီးအကျယ်ထိုးစစ်ကြီး ၃ နှစ်လောက် ဆင်နွှဲပြီးနောက် ဆိုဗီယက်တို့က ခံစစ်မှ ထိုးစစ်သို့ ပြောင်းနိုင်ပြီး တိုက်ခိုက်လာခဲ့ရာ ဆိုဗီယက်ယူနီယံအပြင်သို့ တိုက်ထုတ်လာနိုင်ပြီ ဖြစ်သည်။ အီတလီဖက်ဆစ်တို့ကမူ လုံးဝရှုံးနိမ့်သွားပြီ ဖြစ်သည်။ ဂျပန်ဖက်ဆစ်တို့လည်း ပစိဖိတ်တွင် သူ့ရေတပ်ကြီး၏ သူရဲကောင်း ယာမာမိုတိုပင် စောစွာကျဆုံးပြီး ရေတပ်ကြီးတခုလုံး အကြီးအကျယ် ဆုံးရှုံးထိခိုက်ပြီး မဟာမိတ်တို့က ပစိဖိတ်တွင် တကျွန်းပြီးတကျွန်း ကမ်းတက်သိမ်းပိုက်နေသည်။ တရုတ်ပြည်တွင်လည်း ဂျပန်များ ရှေ့ဆက်မတိုးနိုင် ဖြစ်နေသည်။

နောက်ဆုံး ယခုတလော အကြီးအကျယ် ထူးခြားချက်မှာ ယခု ဖွန်လ ၆ ရက်နေ့တွင် ကမ္ဘာက မျှော်လင့်နေသော ဂျာမန်တို့အပေါ် ရုရှားစစ်မျက်နှာအပြင် ဒုတိယစစ်မျက်နှာအသစ် ဖွင့်လှစ်လိုက်ခြင်းဖြစ်သည်။ ယင်းမှာ အမေရိကန်၊ ဗြိတိသျှတို့ ကြီးမှူးသော မဟာမိတ်စစ်တပ်ကြီးက ဂျာမန်တို့သိမ်းထားသော ဥရောပတိုက်သို့ ပြင်သစ် "နော်မန်ဒီ" ကမ်းခြေမှ ကြီးကျယ်သော ကြည်း၊ ရေ၊ လေ စစ်တပ်အင်အားကြီးဖြင့် အောင်မြင်စွာ ကမ်းတက်နိုင်ပြီး ပြင်သစ်နှင့် ဘယ်လ်ဂျီယံသို့ တိုက်ခိုက်ချီတက်နေပြီ ဖြစ်သည်။ သို့ဖြင့် ရုရှားစစ်မျက်နှာအပြင် ဒုတိယစစ်မျက်နှာသစ်ကြီး ဖွင့်လှစ်လိုက်ပြီ ဖြစ်သည်။

မြန်မာပြည် စစ်မျက်နှာပြင်တွင်လည်း အိန္ဒိယသို့ ချီတက်ပြီး ဂါဒဖြန့်ကာ ယခု ၁၉၄၄ မတ်လဆန်းက မဏိပူရသို့ ချီတက်ခဲ့သော ဂျပန်ဆက်ဆစ်တပ်ကြီးလည်း မဏိပူမြို့တော် "အင်ဖာ" တွင် ရှေ့မတိုးနိုင်၊ အလွန်အထိနာပြီး ဖွန်လတွင် ချင်းတွင်းမြစ်သို့ ပြန်ဆုတ်ခွာရတော့မည့် အခြေဆိုက်နေပြီ ဖြစ်သည်။ နောက်အထက် ဗမာပြည်၊ ကချင်ပြည်နယ် မြစ်ကြီးနားသို့ စတီးဝဲလ်၏တပ်များက ဦးတည်တိုက်ခိုက်နေပြီဖြစ်သည်။

ကျွန်တော် ဗိုလ်ချုပ်အိမ်မှ ပြန်လာသောအခါ မူလက တပ်တည်ဆောက်လေ့ကျင့်ရေး စံပြတပ်ရင်းတာဝန်ဖြင့်ပင် ပင်ပန်းနွမ်းနယ်ခဲ့မှုများမှာ ကျွန်တော်တို့ မျှော်လင့်ထားခဲ့သော အရင်းခံတာဝန်ဖြစ်သော ဂျပန်ဖက်ဆစ် တော်လှန်ရေးကြီး စတင်တော့မည်ဟူသော အသိကြောင့် လူရောစိတ်ပါ ရွှင်လန်းတက်ကြွလာပြီး မောပန်းမှုတွေပျောက်ကာ စိတ်သစ်လူသစ်ဖြစ်လာသည်။ ရှေ့လုပ်ကြရမည့် တာဝန်သစ်အတွက် များစွာစိတ်စောနေမိသည်ကို ပြန်ပြောင်းတွေးမိပါသည်။ ကျွန်တော်တို့သည် စိတ်ထဲတွင် ဂျပန်တော်လှန်ရန်စိတ်ကူးတွေ(BDA) ဘီဒီအေ တလျှောက်လုံးလိုလို ရှိလာခဲ့ကြသော်လည်း လက်တွေ့အကောင်အထည်ဖော်ရေး မရောက်နိုင်ကြ။ ယခုမှ လက်တွေ့ခန်း ရောက်လာပြီဟု ခံစားမိသည်။

သခင်စိုးခေါ်ယူရေး လုံခြုံရေးအတွက် လူများကို တပ်တွင်းတပ်သားရဲဘော်များကို ခေါ်ယူပါက နောင် သတင်းပေါက်မှာ စိုးသဖြင့် ၁၉၄၂ ဇူလိုင် (BIA) ဘီအိုင်အေမှ ဘီဒီအေ (BDA) တပ်သစ်ဖွဲ့စဉ် ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဗိုလ်လက်ျာတို့က နောင်ဂျပန်ဆန့်ကျင်ရေးအတွက် လူတချို့ အပြင်တွင် ချန်ထားဖွဲ့စည်းထားရန်ပြောရာ ဘီအိုင်အေ တပ်မှူးကြီးတွေထဲက ကိုကြီးမြင့်ကို ပြောစမ်းရာ သဘောတူကြပြီး နောက်ထပ် တဒါဇင်ကျော်လောက် စည်းရုံးထားနိုင်ခဲ့သည်။ ထိုအထဲမှ လူ ၄ ဦးလောက်ရွေးပြီး တပ်မတော်စစ်ဝတ်စုံများ လက်နက်များ တပ်ဆင်ပြီးသွားရန် စီစဉ်သည်။

၎င်းတို့မှာ ကိုကြီးမြင့် (ဘီပီအိုင် အငြိမ်းစားအရာရှိ)၊ ကိုထွန်းစိန်(ဒလ)၊ ဘီအိုင်အေတွင် ကျွန်တော့်ဌာနချုပ် အရာရှိတဦး ဖြစ်ခဲ့(ကွယ်လွန်)၊ ကိုဖေညွန့် (သထုံအမတ်ဖြစ်ပြီး၊ ၁၉၆ဂ ကျော်၊ တောခိုစဉ် ကျဆုံး)၊ နောက် ကျွန်တော် နာမည်မေ့နေသူတဦးတို့ ဖြစ်သည်။

ကျွန်တော်တို့ ၁၉၄၄ ဇူလိုင်ဆန်းစ၊ သခင်သန်းထွန်း စီစဉ်ပေးသော မော်တော်ဖြင့် ထွက်ရန်အသင့် ဖြစ်နေပြီ။ ထွက်ခါနီး သဘော်ဆိပ်ကမ်းတွင် သခင်သန်းထွန်းဆင်းလာပြီး ကျွန်တော့်ကို လာတွေ့သေးသည်။

ကျွန်တော်တို့သည် အစီအစဉ်အတိုင်း ကွမ်းခြံကုန်းမြို့အုပ်ဂင်လုပ်နေသော သခင်မြသွင် (နောင် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီလူကြီးဖြစ်ပြီး၊ ၁၉၆၀ လောက် မြေပေါ်ပြန်ရောက်ပြီး မကျန်းမာ၊ ကွယ်လွန်သူ) ထံ သွားရောက်ဆက်သွယ်ရသည်။ သခင်မြသွင်မှာ ကြိုတင်သိနေပြီး ဒေးဒရဲသို့ ပို့ပေးသည်။

ဒေးဒရဲတွင် သခင်မြသွင်တို့၏ တိုက်အိမ်တွင် ညအိပ်နားနေစဉ် ညဦး သခင်စိုးရောက်လာပြီး ဝမ်းသာနေပုံရသည်။ သူက ကျွန်တော်တို့ကို ဒေးဒရဲအနောက် ဂွကလေးရွာတွင် တွေ့မည်။ ထိုရွာကို ကျွန်တော်တို့ သွားရမည်ဟု ပြောသည်။ ကျွန်တော်တို့လည်း တွေ့ရ၍ ဝမ်းသာကြသည်။ နောက်ကျွန်တော်တို့ လှုပ်ရှားမှုကို ဂျပန်ရိပ်မိ ထောက်လှမ်းခြင်း ရှိမရှိကို စိုးရိမ်စွာမေးသည်။ မရှိကြောင်း၊ စိတ်ချရကြောင်းပြောသည်။ ၎င်း ပြန်ထွက်သွားသည်။ ကျွန်တော်တို့ နောက်တရက်ကြာပြီး ဒေးဒရဲအနောက်ဘက် ဂွကလေးရွာသို့ သမ္ဗန်ဖြင့် သွားကြသည်။ ၄ - ၅ နာရီလောက် လှော်ခတ်ရသည် ထင်သည်။ အားလုံးစစ်ယူနီဖောင်းတွေ ဝတ်ထားကြသည်။ ဂွကလေးရွာရောက်ပြီး မြေတိုင်းစာရေးဦးမောင်တင်၊ မငွေစံတို့အိမ်တွင် တည်းခိုရသည်။ အိမ်ခြေသိပ်မများသော ထိုရွာကလေးတွင် နှစ်ထပ်ပျဉ်အိမ်ဖြစ်ပြီး သိပ်မကြီး၊ သိပ်ခိုင်ခံ့သပ်ရပ်သော အိမ်မဟုတ်သော်လည်း ထိုရွာတွင် အကောင်းဆုံးဖြစ်နေသည်။

ကျွန်တော်သခင်စိုးနှင့် တွေ့ရပြီး၊ ဗိုလ်ချုပ်အောင်ဆန်း မှာလိုက်ပုံများနှင့် ကျွန်တော်တို့နှင့် လိုက်ခဲ့ရန် ပြောသည်။ သခင်စိုးက သူ့ဒီမှာ တော်လှန်ရေးကေဒါများအတွက် တလနီးပါး နိုင်ငံရေးသင်တန်းပေးစရာ ရှိကြောင်း၊ ကျွန်တော်တို့လည်း ထိုသင်တန်းတက်ရန် စီစဉ်ထားကြောင်း၊ ဗိုလ်ချုပ်ကိုလည်း ထိုကိစ္စ ပြောထားပြီးကြောင်း ဆိုသည်။ ကျွန်တော်က အချိန်ကုန်မှာစိုးကြောင်း ပြောသေးရာ တော်လှန်ရေးအတွက် အချိန်တွေ လုံလောက်စွာရှိကြောင်း ပြောသည်။

ဤတွင် ထိုစဉ်က နောက်ကြောင်းတခုကို သတိရမိသည်။ ယင်းမှာ ၁၉၄၁ ခုနှစ်ကုန်ခါနီး ကျွန်တော်တို့ ထိုင်းနိုင်ငံ၊ ဘန်ကောက်မှ ဘီအိုင်အေတပ်များနှင့် ဗမာပြည်ထဲဝင်ရန် နောက်ဆုံးလမ်းခွဲကြတော့မည့်အလုပ်တွင် ဗိုလ်ရန်အောင်က ကျွန်တော့်လက်ကိုင်ပြီး မသေလို့ ဗမာပြည်ကို ပြန်ရောက်လို့ ကိုဗဟိန်းကိုတွေ့ရင် ကျွန်တော့်ကို နိုင်ငံရေးသင်တန်းပေးပါဟုပြောရန် မှာကြားပါသည်။ ကျွန်တော်က နိုင်ငံရေးဆိုတာ စာအုပ်လေ့လာရင် ပြီးရောပေါ့ဟု ပြောတော့ ဒါလိုအပ်ပါတယ်။ ပြောသာပြောပါဟု ပြောခဲ့သည်ကို သတိရမိသည်။

ကျွန်တော်လည်း ဒီကိစ္စ စထွက်ကတည်းက လုံခြုံရေးအစီအစဉ်များ ရေးဆွဲပြီး လုပ်ခဲ့ရာ ယခုလည်း တလနီးပါး သင်တန်းပေးဦးမည်ဖြစ်၍ ထိုအတွင်းအတွက် လုံခြုံရေး အစီအစဉ်များ ရေးဆွဲရန် ထိုဒေသရပ်ရွာ၊ နိုင်ငံရေး၊ စည်းရုံးမှုအခြေအနေများ မေးမြန်းပြီး ရေးဆွဲပါသည်။ အချုပ်က သင်တန်းအတွင်း ဖြုန်းခနဲ ဂျပန်တက် ရောက်ဖမ်းဆီးသည့်ကိစ္စ ပေါ်ခဲ့သော် ကျွန်တော်နှင့်တကွ ပါလာသူ ရဲဘော်တို့က ဂျပန်ကို ခုခံတိုက်ခိုက်မည်။ ထိုစဉ် ကျန်လူအားလုံးက သိပ်မမြင့်လှသော အိမ်အပေါ်ထပ်မှ အောက်ခုန်ချပြီး ပတ်လည်ရွာတွေကို ပြေးဝင် ရုပ်ဖျောက်ကြရန်၊ ကျွန်တော်တို့ ဂျပန်ကို ခုခံတိုက်ခိုက်ပြီးနောက်မှ ထိုရွာတွေထဲ လိုက်ပြေးဝင်ကြမည်။ နောက်မှ တနေရာ ပြန်စုကြမည် ဖြစ်သည်။ အများအားဖြင့် ပတ်လည်ရွာများမှာ ပါတီက စည်းရုံးထားတာကြောင့်ဖြစ်သည်။ ထိုအစီအစဉ်ကို သခင်စိုးက သဘောတူပြီး အားလုံးညှိနှိုင်းထားကြသည်။

သင်တန်းမစမီ ၎င်းအိမ် စားပွဲပေါ်တွင် စတာလင်၏ ၁၈ ကြိမ်မြောက် အောက်တိုဘာတော်လှန်ရေးနေ့ မိန့်ခွန်းထင်သည်။ မြန်မာလို ဖတ်လိုက်ရသည်။ စိတ်တွင် မိမိပြည်သူတွေအတွက် ဒါလောက်ကောင်းသည့် အစိုးရပါလားဟု အောက်မေ့အံ့သြမိသည်။

သင်တန်းတွင် ကျွန်တော်တို့အပြင် အမျိုးသမီး ၂ ဦး ပါဝင်သည်။ တဦးမှာ နောင်အလံနီပါတီမှ ထင်ရှားသော ဒေါ်စောမြဖြစ်ပြီး၊ တဦးမှာ အသားခပ်ဖြူဖြူ အသက် ၂၀ ကျော်စ၊ မန္တလေးကျောက်ဆည်ဘက်ကဟု သိရသည်။  နောင်မှာ ၎င်းအကြောင်း တခါမှ မကြားမသိရတော့ပေ။ ယောကျ်ားများထဲတွင် တဦးမှာ တက္ကသိုလ်မှ လောဂျစ်ဘာသာသင် ဆရာတဦး ဖြစ်သည်။ နောက် သခင်သန်းထွန်းညီ-ကိုညီလေးဖြစ်သည်။ နောက်အမည် မမှတ်မိသူ တဦးနှစ်ဦးပါသေးသည်ဟု ထင်သည်။ နောက် ကျွန်တော်တို့လူစု ဖြစ်သည်။ ကိုညီလေးမှာ ၁၃၀၀ ပြည့် အရေးတော်ပုံတွင် ၎င်းသည်လည်း ကျောင်းသားခေါင်းဆောင်တဦးအဖြစ် မြို့မကျောင်းသားများသပိတ်စခန်းတွင် ကျွန်တော်တို့ အတူအလုပ်တွေ လုပ်ကြရင်း သိရှိဖူးကြပြီး ဖြစ်သည်။ ၎င်းမှာ အာရှလူငယ် အစည်းအရုံးခေါင်း ဆောင်တဦးဖြစ်ပြီး ၁၉၄၄ ခုနှစ် ကုန်ခါနီး ဂျပန်တော်လှန်ရေးစည်းရုံးရင်း ဂျပန်ဖမ်းမိသတ်ဖြတ်ခံသွားရသူ ဖြစ်သည်။ ပေါင်း တဒါဇင်ခန့်ရှိမည် ထင်ရသည်။

သင်တန်းစပြီ။ သခင်စိုးသင်တန်းမှာ ကျွန်တော်တို့အားလုံး စိတ်ဝင်စားကြသည်။ ဂွကလေးရွာသားများမှာ စည်းရုံးထားသဖြင့် အားလုံး မီးသေနေကြပြီး ဂရုမထားကြပေ။ သင်တန်းနစ်ပတ်လောက်ကြာပြီးနောက် တနေ့နံနက် ၉ နာရီကျော် ၁၀ နာရီလောက်တွင် အိမ်ကလေး ဒုတ်ခနဲအသံလိုလို ကြားရပြီး သိမ့်ခနဲ တုန်သွားတာခံစား လိုက်ရသည်။ ကျွန်တော်တို့အိမ်ကို သဘော်တစီးစီး ရုတ်တရက် ထိုးကပ်လိုက်ပြီဟု ခံစားရပြီး အားလုံးရပ်စဲငြိမ်ပြီး နားစွင့်လိုက်ရာ ခဏကြာသောအခါ ဂျပန်အသံတွေ ကြားရပြီဖြစ်၍ အားလုံး တုန်လှုပ်သွားကြသည်။

ကျွန်တော်က ချက်ချင်းဂျပန်တက်ဖမ်းတော့မည်လား တွေးထင်မိပြီး အားလုံးငြိမ်ငြိမ်သက်သက်နေရန်၊ လုံခြုံရေးအစီအစဉ်အတိုင်း လုပ်ကြရမည်ပြောပြီး ခါးက ပစ္စတိုထုတ် မောင်းတင်ပြီး လှေကားဆီသို့ တည့်တည့် ခပ်သွက်သွက်ဖော့သွားပြီး မှောက်နေသည်။ ကိုကြီးမြင့်က တော်မီဂန်းဆွဲပြီး ကျွန်တော့်လက်ဂဲဘက် လှေကား အိမ်ဘေးက မှောက်၍နေရာယူသည်။ နောက် ကိုဖေညွှန့်ထင်သည်။ ၎င်းက လှေကားအိမ်နောက် အပေါ်က သေနတ်တလက်နဲ့ နေရာယူစောင့်နေကြသည်။ အောက်ထပ်တွင် ဂျပန်သံများနှင့်လူသံများ

ဆူညံနေသည်။ ကျွန်တော်ရှေ့တိုးပြီး လှေကားထိပ်ကလည်းကောင်း၊ ကြမ်းကြားမှလည်းကောင်း ချောင်းကြည့်ရာ ဂျပန် ၃ ဦးလောက်ဖြစ်ပြီး အရာရှိတဦး၊ အကြပ်တဦးနှင့် တပ်သားတဦးတို့ဖြစ်ကာ တပ်သားက သေနတ်အရှည်ကိုင်ထားသည်။ ကျန် ၂ ဦးက အတို (ပစ္စတို) ခါးတွင် ချိတ်ထားသည်။ သဘော်ပေါ်တွင် ၎င်းတို့ကျန်သေးသလား မသိပေ။ မငွေစံမှာ ၎င်းတို့ကို ဧည့်ခံ လက်ဖက်ရည်များ တိုက်နေပြီး၊ ၎င်း၏မျက်နာမှာ အလွန်တည်တည်ငြိမ်ငြိမ် ရှိပါသည်။ တိုက်ပွဲဖြစ်ရင် မငွေစံနှင့် အိမ်သားများ ထိခိုက်ကုန်မှာ ကျွန်တော် ထိုစဉ်က စိုးရိမ်မိသည်။

ခဏကြာပြီးနောက် ဂျပန်တို့က ရွာသားတွေခေါ် စုရုံးစေပြီး သူတို့စစ်နိုင်တော့မည့်အကြောင်း အာရှတိုက်သာတူညီမျှရေး တရားများကို စကားပြန်နှင့် ဟောပြောသည်။

ကျွန်တော်တို့အားလုံး ငြိမ်သက်စွာ ဂပ်စောင့်နေရသည်။ ၎င်းတို့တဦးဦး တက်လာသော် တိုက်ပွဲဖြစ်ရတော့မည်။ သို့သော် မငွေစံတို့ ပိရိမှု၊ ရွာသားများကလည်း သေသေသပ်သပ် ရှိမှုကြောင့် ဘာမှမဖြစ်ကြ၊ ၎င်းတို့ နေလည်ထမင်းစားပြီး ခေတ္တနားကာ နေ့လည် ၂ နာရီလောက်မှ မော်တော်ဖြင့် ပြန်ထွက်သွားသည်။

ဒီတော့မှ ကျွန်တော်တို့အားလုံး သက်ပြင်းချနိုင်ကြသည်။ အိမ်မှ ကိုက် ၁၀၀ အကွာလောက်တွင် သဘော်တစီးစီးမြင်ရင် ကြိုတင်သတိပေးဖို့ ကင်းချထားသော်လည်း ထိုအချိန် ကင်းမှာ နေရာတွင်မရှိ၊ ပျက်ကွက်သွားလို့ အိမ်ရောက်မှ သိရတော့သည်။

ကျွန်တော် ၁၉၅၃ ကျော် မြောက်ပိုင်းတိုင်း စစ်တိုင်းမှူးဖြစ်စဉ် တပ်မဟာမှူးတဦးက ဖမ်းမိသော အလံနီ စာတမ်းတခုတွင် သခင်စိုးက သူ့ဘဝတွင် သေဖို့ ၃ ကြိမ်တွေ့ကြုံခဲ့ရပုံ ရေးထားကြောင်းတွင် ပထမအကြိမ်၌ ယင်း ၁၉၄၄ ခုနှစ်၊ ဝွကလေးရွာတွင် ဂျပန်တို့နှင့် တွေ့ခဲ့ရပုံကို ရေးထားကြောင်းဖြင့် ကျွန်တော့်ကို ပြောပြဖူးသည်။

နောက် ၁၉၅၇ ကျွန်တော် စစ်တပ်က ထွက်ပြီး စမ်းချောင်းရပ်ကွက်တွင် နေစဉ်၊ ၁၉၇၀ ဂန်းကျင်လောက် ရဲနီကျော်ဂင်း ထောင်ကလွတ်လာစဉ် ဆောင်းပါးများရေးနေရာ အချက်အလက်အချို့သိလို၍ ကျွန်တော့်အိမ်သို့ လာလည်ပတ်သည့်အခါ ထိုဝွကလေးရွာ အဖြစ်အပျက်တွင် ကျွန်တော်တို့ သတိမထားမိသော ကိစ္စတခု ပြောပါသည်။ ၎င်းမှာ ဂျပန်သဘော်ဆိုက်ခါစ သူရှိနေရာ လှေကားရင်းတွင် ကျွန်တော့်မြင်းစီးစစ်ဖိနပ်ရှည်ကြီး ရှိနေသောကြောင့် သူက ကပျာကယာ အနားက တောင်းတခုထဲထည့်ပြီး ပုဆိုးတထည် အမြန်ဖုံးလွှမ်းကာ သူကထမ်း၍ အိမ်ရှေ့က ထွက်သွားရပုံကို ပြောပါသည်။

ထိုနောက် ကျွန်တော်တို့ သင်တန်းဆက်ပေးရန် တပတ်ကျော်မျှ လိုသေးရာ ဝွကလေးရွာမှ ပြန်ကြသည့်အနေဖြင့် ဒေးဒရဲဘက် ထွက်ကြကာ ရွာတရွာ၏ ဘုန်းကြီးကျောင်းထင်သည်။ ထိုနေရာတွင် တပတ်ကျော်ခန့် သင်တန်းဆက်ယူကြပြီး လူစုခွဲလိုက်ကြသည်။

သင်တန်းပြီးဆုံးသောအခါ ကျွန်တော်တို့အားလုံး စိတ်လက်ပေ့ါပါး ပျော်ရွှင်သွားကြသည်။ ကျွန်တော်တို့ သင်တန်းမှ ရရှိခံစားချက်တို့မှာ ကျွန်တော်တို့ရှေ့မှောက်ရှိ ကမ္ဘာ့ဖက်ဆစ်စနစ်ဆိုးကြီး မုချပင် မနေးအမြန်ကျဆုံးရမည်။ ကျွန်တော်တို့၏ ဂျပန်ဖက်ဆစ်တော်လှန်ရေးကြီးလည်း မုချချောမောစွာ အောင်မြင်မည်တို့ကို ကောင်းစွာယုံကြည်မှု ရရှိလာကြသည်။ မြန်မာနှင့် ကမ္ဘာ့အခြေအနေတရပ်လုံး ပိုနားလည်လာကြပြီး နိုင်ငံရေး အသိအမြင် ပိုကျယ်ဂန်းလာကြသည်။ နောက်လူသားတို့၏ ဆင်းရဲဒုက္ခနှင့် ပဋိပက္ခတို့ရဲ့ အခြေခံသွေးစုပ်စနစ်များနှင့် လူတန်းစားတိုက်ပွဲအကြောင်း၊ နောက်ပြဿနာများ ချဉ်းကပ်ကိုင်တွယ်သည့် နည်းနာအဖြစ် အနုပဋိလောမရုပ်ဂါဒအမြင်တို့ကို အတော်အသင့်နားလည်လာကြသည်။ နောက် ပို၍နားလည်လာမှုတရပ်မှာ ကျွန်တော်တို့တော်လှန်ရေးမှာ လွတ်လပ်ရေးရရုံမက ရှေ့တွင်ဒီမိုကရေစီအရေးနှင့် တိုင်းပြည်ပြည်သူအားလုံး ငြိမ်းချမ်းပြီး ချမ်းသာဂပြောလာကြဖို့ ဆိုရှယ်လစ်နိုင်ငံသစ် ထူထောင်ရဦးမည့် တော်လှန်ရေးခရီးရှိသေးသည်ကို နားလည်လာကြသည်။ အထူးသဖြင့်က လက်ရှိဖက်ဆစ်တော်လှန်ရေး ချောမောစွာ အောင်မြင်နိုင်မည့် ယုံကြည် မှုဖြစ်သည်။

ကျွန်တော်တို့ သင်တန်းပြီးသည့်နောက် မူလကအစီအစဉ်အတိုင်း သခင်စိုးကို စစ်အရာရှိငယ် ယူနီဖောင်းဂတ်ဆင်စေပြီး ကွမ်းခြံကုန်း သခင်မြသွင်မှတဆင့် ရန်ကုန်သို့ ခေါ်လာခဲ့ကြသည်။ အလုံရောဂတီဂင်းရှိ ဗိုလ်အောင်မင်း (စံပြတပ်ရင်း ကျွန်တော့် လေ့ကျင့်ရေးနည်းပြမှူး) ၏ အိမ်သားများနေရာ အိမ်တွင်ထားပြီး ဗိုလ်ချုပ်အောင်ဆန်းထံ သတင်းပို့သည်။ ဗိုလ်ချုပ်က ယခင်အစီအစဉ် အတိုင်း ပဲခူးခေါ်သွားပြီး ကျွန်တော့်အိမ်တွင် ထားရန်၊ သူချက်ချင်း ပဲခူးကို အနားယူလည်ပတ်သည့်အနေနှင့်လာပြီး ကျွန်တော့်အိမ်တွင် လာဆွေးနွေးမည်ဟု မှာကြားသည်။

သို့ဖြင့် သခင်စိုးကို စစ်ယူနီဖောင်းဂတ်နှင့် ပဲခူးစံပြတပ်ရင်း ကျွန်တော့်အိမ်သို့ ကားဖြင့် ခေါ်သွားသည်။

နောက် ဗိုလ်ချုပ်အောင်ဆန်းလည်း ပဲခူးကို ဇနီးဒေါ်ခင်ကြည်ပါ ကားနှင့်ခေါ်လာပြီး မြို့တွင်းရပ်ကွက် တခုမှ အိမ်တအိမ်မှာ မူလစီစဉ်ထားသည့်အတိုင်း လည်ပတ်အနားယူတည်းခိုနေသည့်အနေဖြင့် ရောက်လာ သည်။

နောက်တနေ့နံနက် ၈ နာရီလောက် ဗိုလ်ချုပ်အောင်ဆန်း သူ့ကားနှင့် ကျွန်တော့်အိမ်ကို ရောက်လာပြီး သခင်စိုးနှင့် ကျွန်တော့်အိပ်ခန်းတွင် သမိုင်းဂင်ဆွေးနွေးပွဲကြီး စတင်ပါတော့သည်။ ညနေ ၄ နာရီလောက်ကျမှ ဗိုလ်ချုပ်သူ့ကားဖြင့် တည်းခိုအိမ်သို့ ပြန်သည်။ နေ့စဉ် ၃ ရက်လောက် ဒီအတိုင်းဆွေးနွေးကြသည်။ ရက်အတိအကျ ကျွန်တော်မမှတ်မိ။ ၁၉၄၄ ခုနှစ် ဩဂုတ်လဆန်းပိုင်းလောက် မှတ်မိပြီး ဩဂုတ် ၄ ရက်ဟု စိတ်တွင် စွဲနေသည်။ နောက် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ရေးသည့် "ဖက်ဆစ်တော်လှန်ရေးသမိုင်း" စာအုပ်တွင် ဩဂုတ် ၄ ရက်မှ ၇ ရက်အတွင်းဟုထင်ကြောင်းဟူ၍ ရေးထားကြောင်း သခင်တင်မြရေးသည့် တိုင်းကြီး ၁၀ တိုင်းတွင် ဖတ်မိသည်။

ထိုဆွေးနွေးပွဲ လုံခြုံရေးအတွက် အပြင်ကင်းအတွက် မသိမသာ လျှို့ဝှက်စွာ ယုံကြည်ရသူတချို့နှင့် ကင်းစောင့်ရန် ဗိုလ်အောင်မင်းနှင့် တပ်မှူးတချို့နှင့် စီစဉ်သည်။ ကျွန်တော့်အိမ်တွင် ကျွန်တော်တဦးတည်း စောင့်သည်။ နောက်ဆုံးနေ့ ဗိုလ်ရန်အောင် ရောက်လာသဖြင့် ကျွန်တော်တို့နှစ်ယောက် အတူစောင့်ကြသည်။

စားသောက်ရေးကို ကျွန်တော့်အား ဘီဒီအေတခေတ်လုံး ချက်ပြုတ်စောင့်ရှောက်ကျွေးမွေးပြုစုသည့် ကျွန်တော့်ရဲဘော်လူငယ် ကိုပါ (ကွယ်လွန်) ကို တဦးတည်း ချက်ပြုတ်ကျွေးမွေးစေခဲ့သည်။

ထိုစဉ် ကျွန်တော့်အိမ်နီးချင်း ၃ အိမ်ရှိသည်။ ပထမမှာ စစ်ပြီး လန်ဒန်တွင် ဘီဘီစီ၌ အသံလွှင့်သည့် ဦးတင်မောင်အိမ် ဖြစ်သည်။ ၎င်းမှာ စံပြတပ်ရင်း၌ မြန်မာစာကထိက ဆရာလုပ်နေသူဖြစ်သည်။ ဒုတိယမှာ ထိုစဉ်စံပြတပ်ရင်း သမိုင်းဘာသာ ကထိကဆရာ လုပ်နေသူ ဦးဘရှင် (ကွယ်လွန်) အိမ်ဖြစ်သည်။ (နောက် ဗိုလ်မှူးဘရှင် ဖြစ်လာသူဖြစ်သည်။) တတိယအိမ်မှာ စံပြတပ်ရင်း ကျွန်တော့်ရုံးအုပ် ဗိုလ်ကြီးလှမောင် (ကွယ်လွန်) အိမ်ဖြစ် သည်။ ၎င်းတို့ ၂ ရက် ၃ ရက် ဗိုလ်ချုပ်အောင်ဆန်း ကျွန်တော့်အိမ် လာသည်ကို တွေ့နိုင်သော်လည်း ဗိုလ်ချုပ် ပဲခူးကို အနားယူလည်ပတ်နေစဉ် ကျွန်တော့်ထံ လာလည်ပတ် ဆွေးနွေးနေတာဟု ယူဆကြပုံရသည်။ ဘာမျှမေးမြန်းစပ်စုခြင်း မရှိကြပါ။

ဆွေးနွေးပွဲ အစပထမနေ့အပြီးတွင် ဗိုလ်ချုပ်အောင်ဆန်းရော သခင်စိုးပါ ရွှင်လန်းကျေနပ်နေကြပုံ ထင်ရှားစွာ မြင်တွေ့ရသည်။ သခင်စိုးက ဗိုလ်ချုပ်အပေါ်လည်း အားရကျေနပ်နေပုံရသည်။ ဗိုလ်ချုပ်ပြန်သွားပြီးသောအခါ သခင်စိုးက အခြေအနေ နည်းနည်းပါးပါး ပြန်ပြောတတ်သည်။ ၎င်းပြောချက်အရ ဖက်ဆစ်တိုက်ဖျက်ရေး တပ်ပေါင်းစုကြီး ဖွဲ့တော့မည်သိရ၍ ကျွန်တော် ဝမ်းသာသွားသည်။ ဖက်ဆစ်တော်လှန်ရေးတွင် တပြည်လုံးစည်း လုံးညီညွတ်စွာ ပါဝင်ပူးပေါင်းကြဖို့ တပ်ပေါင်းစုဖွဲ့ရေးဟာ ပထမဆုံး အရေးကြီး လိုအပ်ချက်ဖြစ်သည်ကို ကျွန်တော်တို့ နားလည်ထားကြသည်။ နောင် ကမ္ဘာ့ဖက်ဆစ်တိုက်ဖျက်ရေး ခေါင်းဆောင်ကြီးတဦးဖြစ်သော ကွန်မြူနစ်ခေါင်းဆောင် ဒီမီထရော့က ဖက်ဆစ်စနစ်တိုက်ဖျက်ရေးအတွက် ပြည်သူကိုစည်းရုံးကာ တပ်ပေါင်းစုကြီးများ ဖွဲ့ကြပြီး တိုက်ခိုက်ရန် သူ၏ကျော်ကြားသော နှိုးဆော်ပန်ကြားချက်ကို သိခဲ့ရသည်။

ဆွေးနွေးပွဲတွင် တပ်ပေါင်းစုကြီးဖွဲ့ရေးအပြင် ဖက်ဆစ်တော်လှန်ရေး၏ သေနင်္ဂဗျူဟာနှင့် နည်းပရိယာယ်များ၊ လက်တွေ့ လုပ်ငန်းစဉ်များ ချမှတ်ရေးနှင့် နောက်ဆုံး (ဖတပလ) တပ်ပေါင်းစုအဖွဲ့ချုပ်ကြီးက ပြည်သူသို့ ပထမဆုံး ထုတ်ပြန်ကြေညာစာတမ်းကို ဆွေးနွေးအတည်ပြုကြသည်။

ဆွေးနွေးပွဲမှာ ၃ ရက်မျှကြာပြီးနောက် ပြီးသွားပြီဖြစ်၍ အားလုံးစိတ်လက်ရွှင်လန်းကြည်သာ ပျော်ပါးသွားကြသည်။

သို့ဖြင့် ဂျပန်ဖက်ဆစ်တော်လှန်ရေးအတွက် (ဖတပလ) အမျိုးသားတပ်ပေါင်းစုကြီး၊ နောင် (ဖဆပလ) အဖွဲ့ချုပ်ကြီးကို အောင်မြင်စွာ ဆွေးနွေးဖွဲ့စည်းမှု ပြီးဆုံးသွားပြီဖြစ်သည်။

ဆွေးနွေးပွဲအတွင်း ပဲခူးတွင် ဒေါ်ခင်ကြည်ကလည်း နို့စားနွားမဝယ်ရန် ဟန်ပြစီစဉ်သေးသည်။ ဆွေးနွေးပွဲပြီးနောက် ဗိုလ်ချုပ်တို့ ရန်ကုန်ပြန်ကြပြီဖြစ်သည်။

ဆွေးနွေးပွဲပြီး၍ သခင်စိုးကို ဒေးဒရဲ ပြန်ပို့ဖို့ ကျန်သေးရာ၊ ၎င်းက "လုပ်စရာရှိတာတွေ ပဲခူးမှာနေပြီး လုပ်သွားချင်သေးတယ်။ နေရာတခု စီစဉ်ပေးရန်" ပြောသည်။ အကဲခတ်ရတာက ၎င်းသည် ကျွန်တော်နှင့် တွေ့ပြီးကတည်းက ကျွန်တော်နှင့်နေရတာ သူ့အတွက် များစွာလုံခြုံစိတ်အေးရသည် ယူဆပြီး လုပ်စရာရှိတာအချို့ ဒီမှာပဲ လုပ်သွားချင်ပုံရသည်။

သို့ရာတွင် ကျွန်တော်တို့တာဝန်ပေးထားသော လုံခြုံရေးတာဝန်ခံများ လာပြောသည်မှာ ဗိုလ်ချုပ်အောင်ဆန်း ပဲခူးလာတာဟာ အိန္ဒိယမှ ကိုသိန်းဖေ လေထီးဖြင့် ပဲခူးအနားဆင်းပြီး ကိုသိန်းဖေနှင့် လာဆွေးနွေးသည်ဟု သံသယရှိကြ၍ ယခုမကြာခင် ပဲခူးမှာဝိုင်းပြီး မြို့တွင်းရှာဖွေတော့မည်။ ယခု မြို့ဝင်မြို့ထွက် ဂိတ်တွေ ဂျပန်ကင်းစပြီး ချပြီဟုဆိုသည်။ ထို့ကြောင့် သခင်စိုးကို ထိုနေ့လည် ချက်ချင်းပင် ရန်ကုန်ပြန်ပို့ရန် အမြန်စီစဉ်ရသည်။ သခင်စိုးမိသွားရင် ဖက်ဆစ်တော်လှန်ရေး ကြီးစွာထိခိုက်နိုင်သည်။

ပြန်ပို့ရန် မူလကတည်းက ကားကလေးတစီး အသင့်ပြင်ထားရာ အပြန်တွင် ကျွန်တော်၊ ကိုကြီးမြင့်၊ ကိုထွန်းစိန် ၃ ဦးနှင့်သာ လိုက်ပို့ရန် အမြန်စီစဉ်သည်။ လာစဉ်က စစ်ယူနီဖောင်းများနှင့်ပင် ဆင်းရန်စီစဉ်သည်။

လုံခြုံရေးအစီအစဉ်တွင် ပဲခူးအထွက် တံတားထိပ်တွင် ဂျပန်ကင်းရှိနေပြီ သိရရာ အကယ်၍ ထိုကင်းက ဖမ်းထားပြီး နောက်ဆုံး သခင်စိုးပေါ်လွင်သွား၍ ဖမ်းဆီးဖို့လုပ်လာပါက ကျွန်တော်တဦးတည်း အသေခံပြီး ဂျပန်တို့ကို ဓားနှင့်ခုတ်ပစ်ခတ်တိုက်ပွဲဆင် ကျန်ရစ်မည်။ ကျန်သူများက ကားကလေးနှင့် သခင်စိုးကို လှည်းကူးမြို့အထိ အမြန်မောင်းသွား၊ လှည်းကူးမြို့တွင် ကားပြောင်းပြီး ရန်ကုန်အထိသွားကြရန် စီစဉ်ကြပြီး ကားနှင့်ဆင်းကြသည်။

ကျွန်တော်တို့ ပဲခူးတံတားကျော်၍ တံတားတဖက်ထိပ် ရောက်သောအခါ သိထားသည့်အတိုင်း ဂျပန်ကင်းစောင့်က ကားရပ်ပြီး ဆင်းခိုင်းသည်။ ကျွန်တော်ဆင်းပြီး ငါ ဘီဒီအေတပ်ရင်းမှူး၊ ရန်ကုန်သွားမှာဟု တည်တည်ငြိမ်ငြိမ်ပြောတော့ ယူနီဖောင်းအသွင်အပြင် ခေတ္တကြည့်ပြီး ခေါင်းညိတ်သွားခွင့်ပြုသည်။ ကျွန်တော်တို့အားလုံး စိတ်အေးသက်သာသွားကြပြီး ရန်ကုန်ဆင်းကြသည်။

ရန်ကုန်တွင် အစီအစဉ်အတိုင်း ရန်ကုန်အရှေ့ပိုင်း ဆင်ခြေဖုံးရပ်ကွက်တခုရှိ ဗိုလ်လရောင်အိမ်တွင် တည်းခိုသည်။ ဗိုလ်လရောင် အိမ်မှာမရှိ။ တပည့်နှစ်ဦးလောက်သာရှိပြီး ချက်ပြုတ်ကျွေးမွေးသည်။ ဒေးဒရဲ ဆင်းခါနီး အိမ်ပြောင်းကြသေးသလား မမှတ်မိ။ ရန်ကုန်တွင် ၂ ရက် ၃ ရက်နေသေးရာ ထိုအတွင်း သခင်နုနှင့်တွေ့ဖို့ စီစဉ်ပေးရသည်။ သခင်နုထံ တရက်သွားနေပြီး ပြန်လာတော့ အိမ်တွင်းပုန်းနေရရာ

သခင်န ဘုရားရှိခိုးချိန်နှင့် ဧည့်သည်လာချိန်ကြောင့် ကောင်းကောင်းမဆွေးနွေးရကြောင်း ပြောသည်။ ကျွန်တော်မှတ်မိသလောက် ဒေါက်တာဗမော်ကပါ အနဲ့ရပြီး တွေ့ချင်သေးသလိုလို ကြားရသည်။ သို့သော် သွားမတွေ့ဘဲ ပြန်ကြဖို့ စီစဉ်သည်။

နောက် ကျွန်တော်တို့ သခင်သန်းထွန်း စီစဉ်ပေးသည့် မော်တော်ဖြင့် ဒေးဒရဲသို့ လိုက်ပို့ကြသည်။

အပြန်တွင် ကျွန်တော်တို့ ကွမ်းခြံကုန်း သခင်မြသွင်ထံ ဝင်ကြပြီး တွံတေးတောကြီးတန်းဒေသကို ဖက်ဆစ်တော်လှန်ရေးကာလ ရန်ကုန်အနီး တော်လှန်ရေးစခန်းငယ်တခု လုပ်ရေးသင့်မသင့် လေ့လာလို၍ မြေပုံအရမှ ကိုယ့်တွေ့သိလို၍ သွားလိုကြောင်း အကူအညီတောင်းရာ သခင်မြသွင်က သူကြီးတဦးထံ စာရေးပေးသဖြင့် ကျွန်တော်တို့ အရပ်ဂတ်နှင့် သွားလေ့လာသည်။ ငှက်အော်စန်းရှိ ကျောင်းများအထိ ရောက်သည်။ တောနက်ပြီး ရွာများလည်းရှိ၊ ရန်ကုန်စစ်ပြေးများလည်း ရှိသည်။ စခန်းငယ်အဖြစ် အနည်းဆုံး ယာယီအဖြစ် သင့်တော်ကြောင်း သိရပြီး ပြန်လာသည်။

နောက်ကျွန်တော်တို့ ကွမ်းခြံကုန်းမှ တွံတေးဘတ်စ်ကားနှင့်ပြန်ပြီး တွံတေးမှ ရန်ကုန်ကူးတို့သင်္ဘော ဖြင့် ပြန်ကြသည်။

ရန်ကုန်ရောက်ပြီး အောင်မြင်စွာ တာဝန်ပြီးဆုံးကာ တော်လှန်ရေးအတွက်လည်း အားလုံးအဆင်ပြေကြ မည်ဖြစ်၍ စိတ်လက်ပေါ့ပါးစွာ ပဲခူးပြန်ရန် ကျွန်တော် ဗိုလ်ချုပ်အောင်ဆန်းထံ သတင်းသွားပို့သည်။

ဗိုလ်ချုပ်က မျက်နှာမကောင်းစွာဖြင့် ပဲခူးတွင် ကျွန်တော့်အိမ်မှ ကိုပါကို ဂျပန်ဖမ်းသွားပြီဟု စိုးရိမ်စွာဖြင့် ပြောသည်။ ကျွန်တော်က မစိုးရိမ်၊ ၎င်း ကိုပါအကြောင်း ပြောပြသည်။ ၎င်းသည် ကုလားကပြားကလေး ဖြစ်သည်။ ၁၉၄၂ ဘီဒီအေတပ်ဖွဲ့တော့ ရန်ကုန်မှာ ဂျပန်ဆန့်ကျင်ရေး မြေအောက်အတွက် ကျွန်တော်ကေဒါတဦး ကိုအောင်ကြီးဆိုသူ (ကွယ်လွန်) ကို စည်းရုံးထားရာ ထိုသူမှာ ၁၃၀၀ ပြည့် အရေးတော်ပုံက ပါဝင်ခဲ့သော ကျွန်တော့်ကျောင်းက ကျောင်းသားတဦးဖြစ်၊ သူလည်း ကုလားကပြားဖြစ်၊ ၎င်းက ယခုကိုပါကို ခေါ်လာပြီး ကျွန်တော့်ပြုစုဖို့၊ သူလည်း မိဘလည်း မရှိတော့၊ ကျွန်တော်မွေးဖို့ အပ်ထည့်လိုက်သူဖြစ်၊ ဒီကတည်းက ကျွန်တော်နှင့်ကိုပါ သားအဖ၊ ညီအစ်ကိုကဲ့သို့ ချစ်ခင်ပြီး တလျှောက်လုံးပြုစုလာတာ၊ နောက် နိုင်ငံရေးအသိ ပါဝင်လာပြီး တော်လှန်ရေးသမားကလေးစိတ် ရှိလာသူဖြစ်၊ ဖက်ဆစ်တော်လှန်ရေးလုပ်ရမယ်ဆိုတာ သူလည်း ရိပ်မိသိရှိနေသူဖြစ်ကြောင်း၊ သူဟာ ဗိုလ်ချုပ်တို့ကိုလည်း များစွာလေးစားသူဖြစ်၊ ဘယ်လိုမှ ဖော်ပြောမှာ မဟုတ်ကြောင်း ပြောခဲ့သည်။

နောက်ဗိုလ်ချုပ်က ကြိုတင်စဉ်းစားပြီး ရှိနေပုံရသည်။ ကျွန်တော့်အတွက်ပါ စိုးရိမ်ပုံရပြီး ကွန်တော် ပဲခူး မပြန်နဲ့တော့ စံပြတပ်ရင်းလည်း ပြီးတော့မည်ဖြစ်ရာ ပိတ်လိုက်တော့မည်။ ကျွန်တော်ဟာ ယခုမင်္ဂလာဒုံ ဗိုလ်သင်တန်း ပြီးတော့မည်။ နောက်အပတ်စရင် အဲဒီသွား ကျောင်းအုပ်လုပ်ရမည်။ ဒီအတွင်း ဖက်ဆစ်တော်လှန်ရေးအတွက် ရည်ရွယ်ပြီး ဂျပန်ထံက တပ်ရင်းသစ် ၃ တပ်ဖွဲ့ရေး တောင်းထားရာ ရသည်။ ၎င်း ၃ ရင်းဟာ မင်္ဂလာဒုံ တရင်း၊ ပဲခူးတရင်း၊ ပျဉ်းမနားတရင်း ဖွဲ့နေကြပြီး နောက်ဝင်ဆာစခန်းရှိ ကရင်အမျိုးသား တပ်ရင်းတရင်းပါ ပေါင်း ၄ ရင်းကို ကျွန်တော်က ဦးစီးလေ့ကျင့်ပေးရန် တာဝန်သစ်ပေးပါသည်။

ကျွန်တော် ပဲခူးမပြန်ရတော့ပါ။ ရန်ကုန်စစ်ဝန်ကြီးရုံးတွင် စစ်လေ့ကျင့်ရေးဌာနတခုဖွင့်ပြီး အထက်ပါ ၄ ရင်း၊ စစ်သင်တန်းများ အတွက် သင်တန်းဇယားများ၊ သင်ကြားနည်းနာများ ရေးဆွဲညွှန်ကြားမှုတွေ စတင်ပါတော့သည်။

ထိုစဉ်အတွင်း ကိုပ့ါအတွက် စိတ်မပူရန် ဗိုလ်ချုပ်တို့ကို ပြောခဲ့သော်လည်း စိတ်ထဲတွင် တန့်နဲ့ စိတ်ပူပန်မှု ရှိနေပါသေးသည်။ ၎င်းသာ ဖော်လိုက်ရင် လူအားလုံး ဒုက္ခတွေ့ကြုံရပြီး၊ တော်လှန်ရေးကြီး ကြီးကျယ်စွာထိခိုက်တော့မည်ကို ရင်ထဲက စိုးရိမ်ပူပန်လာသည်။

နောက် ကိုပါ လွတ်လာပြီ သိရတော့သည်။ ၎င်းကို အတော်အတန်ခြောက်လှန့် ညှဉ်းပန်းပြီး ဗိုလ်ချုပ် ဘယ်သူနဲ့ အိမ်မှာတွေ့သလဲ အကြိမ်ကြိမ်မေးရာ ၎င်းက ဗိုလ်ချုပ်ကျွန်တော်တို့အိမ်လာပြီး နားသည့်အခါ ကျွန်တော် (ဗိုလ်မှူးကျော်ဇော) နှင့်သာ နှစ်ဦးတည်း ဆွေးနွေး ပြောဆိုကြတာသာ တွေ့ရကြောင်း တသမတ်တည်း အခိုင်အမာပြော၍ လွှတ်လိုက်သည်။ ကျွန်တော်တို့အားလုံး စိတ်အေးချမ်းသွားပြီး ကျွန်တော်တို့လုပ်ခဲ့သော တာဝန်ကြီးအားလုံး ချောမောသွားပြီဟု ကျေနပ်အားရမိကြသည်။

သို့ဖြင့် ဖက်ဆစ်တော်လှန်ရေးကြီးအောင်မြင်ရေးအတွက် ပထမဆုံး အခြေခံလုပ်ငန်းကြီးဖြစ်သည့် တမျိုးသားလုံး စည်းလုံး ညီညွတ်ရေး (ဖတပလ) တပ်ပေါင်းစုအဖွဲ့ချုပ်ကြီးကို အောင်မြင်စွာ စတင်ဖွဲ့စည်းနိုင်ခဲ့ကြ ပြီဖြစ်သည်။

မူရင်း (ဖတပလ) အဖွဲ့ကြီး၏ အခြေခံ ပထမအဖွဲ့အစည်းများမှာ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ဗမာ့တပ်မတော်၊ ပြည်သူ့ အရေးတော်ပုံပါတီနှင့် အာရှလူငယ်အဖွဲ့အစည်းစသည့် ၄ ဖွဲ့တို့ ဖြစ်သည်။ ဩဂုတ်လဆန်း စံပြတပ်ရင်းတွင် ဆွေးနွေးကြစဉ်က ဗိုလ်ချုပ်အောင်ဆန်းမှာ ကွန်မြူနစ်ပါတီမှအပ ကျန်အဖွဲ့များကို ကိုယ်စားပြုသည်။ အဓိကမှာ တပ်မတော်ဖြစ်သည်။

တာဝန်ခွဲဝေမှုတွင် (က) သခင်စိုးကြီးမှူးသော ဗမာပြည်ကွန်မြူနစ်ပါတီက တော်လှန်ရေးတခုလုံး ခြုံငုံပြီး နိုင်ငံရေးအရ ခေါင်းဆောင်မှု တာဝန်ယူသည်။ (ခ) လက်နက်ကိုင်တော်လှန်ရေးတွင် အင်အားအကြီးဆုံးဖြစ်သော တော်လှန်ရေး၏ ဝင်ရိုးဗဟိုမဏ္ဍိုင် တိုက်ခိုက်ရေးအင်အားစုကြီးမှာ ဗမာ့တပ်မတော်ဖြစ်သည်။ ၎င်းတွင် ကွန်မြူနစ်ပါတီက ဖွဲ့ထားသော လက်နက်ကိုင် ပြောက်ကျား တပ်ဖွဲ့များလည်း တွဲဖက်ပါဝင်သည်။ ၎င်းလက်နက် ကိုင်တိုက်ခိုက်ရေး ဗဟိုအင်အားစုကြီးကို စစ်ရေးအရ တာဝန်ခံ စစ်သေနာပတိအဖြစ် ဗိုလ်ချုပ်အောင်ဆန်းက တာဝန်ယူသည်။ (ဂ) အဖွဲ့ချုပ်ကြီး၏ အတွင်းရေးမှူးချုပ်နှင့် နိုင်ငံခြားဆက်သွယ်ရေးတာဝန်ကို ကွန်မြူနစ်ပါတီမှပင် သခင်သန်းထွန်းက တာဝန်ယူကြသည်။

ယင်းသည် အခြေခံပင် ဖြစ်သည်။ တော်လှန်ရေးနီးသောအခါ တော်လှန်ရေးဗဟိုဦးစီးအဖွဲ့ကို ထပ်တိုးချဲ့ ကြသေးသည်။ အခြားအဖွဲ့များလည်း ပါဝင်လာကြသည်ဟု သိရသည်။

ဤနေရာတွင် ကွန်မြူနစ်ပါတီ၏ လက်နက်ကိုင်ပြောက်ကျားတပ်ဖွဲ့များသည် တပ်ဖွဲ့ငယ်ဖြစ်သော်လည်း တိုက်ခိုက်ရေးစွမ်းရည် မဆိုးပေ။ ဗိုလ်ချုပ်အောင်ဆန်းပြောသည့် ဂျပန် ၅၄ တပ်မ ဝင်စီးပြီး ဗိုလ်ချုပ် ၃ ဦးနှင့် စစ်အရာရှိကြီး အချို့ကို သတ်ဖြတ်ချေမှုန်းခဲ့ကြသော တိုက်ပွဲမှာ အဓိက ၎င်းပြောက်ကျားများ ခေါင်းဆောင်၍ တိုက်ကြခြင်းဖြစ်သည်။

တော်လှန်ရေးကို ဦးဆောင်ဖွဲ့စည်းမှုနဲ့ ပတ်သက်၍ ဗမာပြည်ကွန်မြူနစ်ပါတီက ဦးဆောင်ကြောင်း ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ပြောခဲ့သည်။

ဖက်ဆစ်တော်လှန်ရေးအတွင်း ၁၉၄၅ မေလဆန်း မိတ္ထီလာတွင် ဗမာပြည် ဗြိတိသျှတိုက်ခိုက်ရေးတာဝန်ခံ ၁၄ နံပါတ်တပ်မှူး ဒုဗိုလ်ချုပ်ကြီးဆလင်းက ဗိုလ်ချုပ်အောင်ဆန်းအား ဖိတ်ခေါ်ဆွေးနွေးစဉ်က ဗိုလ်ချုပ်က မိမိမှာ စစ်ရေးတာဝန်ခံသာ ဖြစ်သည်။ ခြုံပြီးနိုင်ငံရေးခေါင်းဆောင်မှာ သခင်စိုးသာဖြစ်ကြောင်း ဆလင်းကို ပြောခဲ့သည်ကို နောက်ပိုင်းခေါင်းဆောင်တော်တော်များများ သိကြပြီး ဖြစ်သည်။ ကွန်မြူနစ်ပါတီ၏ ထိုစဉ်က အဓိကတာဝန်မှာ သဘောတရားရေးဦးဆောင်မှုနှင့် လူထုစည်းရုံးရေးတို့တွင် ဖြစ်သည်။

ဖက်ဆစ်တော်လှန်ရေးတပ်ပေါင်းစု (ဖတပလ) အဖွဲ့ကြီး ဖွဲ့ပြီးနောက် အသီးသီးတော်လှန်ရေးအတွက် စိုင်းပြင်းကြတော့သည်။ ၎င်းပြင်ဆင်မှုထဲမှာ အရေးကြီးသော အတွေ့အကြုံတခု သတိထားမိသည်။ ယင်းမှာ တော်လှန်ရေးဝင်ရိုး ဗမာ့တပ်မတော်မှာ ၁၉၄၃ ခုနှစ် လောက်ကစပြီး စစ်စည်းကမ်းစနစ်များ လျော့ရဲလာရာ ယင်းကိုပြုပြင်ရန် စံပြတပ်ရင်းဖွင့်ပြီး တပ်အသီးသီးကိုယ်စားလှယ်များကို ပညာပေး တည်ဆောက်ရေးလုပ်ခဲ့သည်။ ယင်းနည်းနာမှာ ရှေ့တွင် အချိန်ကြာဦးမည်ဖြစ်ရာ တော်လှန်ရေးအတွက် မြန်မြန်ပြောင်းလဲဖို့လိုသဖြင့် ဗိုလ်ချုပ်အောင်ဆန်းက ကွန်မြူနစ်ပါတီမှ နိုင်ငံရေးကေဒါများကိုတောင်းပြီး တပ်အသီးသီးသို့ လျှို့ဝှက်စွာသွင်းစေကာ တပ်ရဲ့ အဓိကတပ်မှူး၊ တပ်ကြပ်ခေါင်းဆောင်များတို့ကို နိုင်ငံရေးနှင့် တော်လှန်ရေးပညာများ ပေးစေရေးကို လုပ်စေသည်။ တပ်အသီးသီးသည် ဂျပန်ဖက်ဆစ် တော်လှန်ရမည့် ပစ်မှတ်တာဝန်ကို ယေဘုယျသိလာကြပြီး ကွန်မြူနစ်သဘောတရား၊ တော်လှန်ရေးသဘောတရားတို့ကိုပါ ထိတွေ့လာပြီးနောက် တပ်ကြီးတခုလုံးနီးပါး အံ့ဩဖွယ် တည်ငြိမ်သွားပြီး၊ အတွင်းမှာ တော်လှန်ရေးအတွက် လှုပ်ရှားလာကြတော့၏။ မကြာမီ တပ်တတပ်လုံးလိုလို တော်လှန်ရေးအတွက် အသင့်အနေအထား ဖြစ်လာတော့၏။ ဤသည်မှာ တော်လှန်ရေး၏ အံ့ဖွယ်အတွေ့အကြုံတရပ်ဟု သတိ ထားမိခဲ့သည်။

သို့ဖြင့် ဖက်ဆစ်တော်လှန်ရေးကြီး ၁၉၄၅ မတ်လတွင် အောင်မြင်ချောမောစွာ စတင်နိုင်ကြပြီး မကြာခင် ကမ္ဘာ့အရပ်ရပ် အောင်ပွဲများနှင့်အတူ ဖက်ဆစ်တော်လှန်ရေးကြီး အောင်ပွဲဆင်တော့သည်။ ကျွန်တော်တို့ မြန်မာပြည်သည်လည်း ဖက်ဆစ်တော်လှန်ရေး အတွက် ကမ္ဘာ့အလယ်တွင် ထိုက်ထိုက်တန်တန် ဂုဏ်ပြောင်သွားခဲ့ပေသည်။

ဘာကြောင့် ကျွန်တော်တို့ ဤဖက်ဆစ်တော်လှန်ရေးကြီးကို အောင်မြင်သလဲ။

အဓိက အကြောင်းရင်း ၄ ချက်မျှရှိသည်ဟု ကျွန်တော် ယူဆပါသည်။ ပထမမှာ တော်လှန်ရေး၏ ခေါင်းဆောင်မှု ရဲရင့်မှန်ကန် ကောင်းမွန်မှုဖြစ်သည်။ ယင်းမှာ နိုင်ငံရေးအရ ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်မှုနှင့် စစ်ရေးအရ ဗိုလ်ချုပ်အောင်ဆန်းတို့၏ ခေါင်းဆောင်မှုအရ သေနင်္ဂဗျူဟာနှင့် နည်းပရိယာယ်လမ်းစဉ် သတ်မှတ်ချက်များ၊ လူထုစည်းရုံးရေးများ အလွန်ကောင်းမွန်မှန်ကန်မှုကြောင့် ဖြစ်သည်။ ဒုတိယအကြောင်းမှာ တပြည်လုံး စည်းလုံးညီညွတ်စွာဖြင့် (ဖတပလ) နောင် (ဖဆပလ) ဖက်ဆစ်တော်လှန်ရေး အမျိုးသားညီညွတ်ရေး တပ်ပေါင်းစု အဖွဲ့ချုပ်ကြီး ဖွဲ့စည်းပြီး လက်ဝဲလက်ယာနိုင်ငံရေးပါတီအဖွဲ့အစည်းများ လူမှုရေးအဖွဲ့အစည်းများ ပုဂ္ဂိုလ်များ၊ ဘာသာရေးရဟန်းသံဃာများ၊ လူမျိုးစုအဖွဲ့များနှင့် အားလုံးသော လူထုကြီးတရပ်လုံး ပါဝင်လာအောင် စည်းရုံးဖွဲ့စည်းပြီး တော်လှန်နိုင်သောကြောင့် ဖြစ်သည်။ တတိယအကြောင်းက ကျွန်တော်တို့ ဖက်ဆစ်တော်လှန်တိုက်ခိုက်ရေးတွင် တော်လှန်သော ပြည်သူ့စစ်ပွဲသဘောတရား နည်းနာများအတိုင်း လုပ်ဆောင်ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ယင်းမှာ မိမိတို့ဘဂအသိဖြင့် ဖက်ဆစ်တို့ကို အလွန်တူးခါးစွာ မုန်းတီးရွံရှာနေကြသော ပြည်သူတရပ်လုံးက အဘက်ဘက်က တိုက်ခိုက်ရေး၊ ထောက်ပံ့ကူညီရေး။ အမျိုးမျိုးပါဝင်ကာ ထိုပြည်သူတို့အတွင်းမှ ပေါင်းစပ်တဲ့ ပြည်သူ့စစ်ပွဲကြီး ဆင်နွှဲနိုင်ပြီး၊ နောက် ပါဝင်တိုက်ခိုက်ကြသူ အားလုံးလိုလိုတို့ကလည်း အလွန်ရဲရင့် တက်ကြွပြောင်မြောက်စွာ တိုက်ခိုက်ခဲ့ကြခြင်းကြောင့်လည်း ဖြစ်သည်။ စတုတ္ထအကြောင်းမှာ ကျွန်တော်တို့ တော်လှန်ရေးမှာ တဦးတည်း မဟုတ်၊ တကမ္ဘာလုံးက ဆန့်ကျင်တိုက်ခိုက်ကြတဲ့ ကမ္ဘာ့ဖက်ဆစ်တော်လှန်ရေးတပ်ပေါင်းစုကြီးထဲ အပါအဝင်ဖြစ်ပြီး ကမ္ဘာ့တော်လှန်ရေး ရေစီးကြောင်းကြီးတွင် ပါဝင်တော်လှန်ခဲ့ရသဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ အမျိုးမျိုးသော အထောက်အပံ့အကူအညီများကို ရရှိခဲ့ကြခြင်း ကြောင့်လည်း ဖြစ်သည်။

ဤဖက်ဆစ်တော်လှန်ရေးအောင်ပွဲမှာ ကျွန်တော်တို့ ပြည်သူအားလုံး ထာဝရဂုဏ်ယူကြရမည့် သမိုင်းဝင်အရေးတော်ပုံကြီး ဖြစ်သည်။

ဤကမ္ဘာ့ဖက်ဆစ်တော်လှန်ရေးကြီးက ကမ္ဘာကြီးကို ပြောင်းလဲခဲ့သလို ကျွန်တော်တို့ မြန်မာပြည်ကိုလည်း များစွာပြောင်းလဲ စေခဲ့သည်။ ပြည်သူတို့မှာ ကမ္ဘာ့ပြည်သူများနည်းတူ နိုင်ငံရေးအသိ အလွန်မြင့်မားတိုး တက်လာရုံမက လက်နက်ကိုင်တိုက်ပွဲ အတွေ့အကြုံနှင့် လက်နက်ကိုင်အမျိုးသားစစ်တပ်လည်း ရှိလာကြသည်။ ကမ္ဘာ့နယ်ချဲ့ဂိုဏ်းမှာလည်း အင်အားတဖက်ပြုတ်ပြီး ကျန်တဖက်လည်း အတော်အားနည်းသွားခဲ့သည်။ အပြည်ပြည်ဖောက်ပြန်ရေးဂိုဏ်းများလည်း အားနည်းသွားခဲ့ကြပြီး ယင်းတို့၏ အရှိန်ကြောင့် ကျွန်တော်တို့ ဗမာပြည်လည်း (ဖဆပလ) အဖွဲ့ချုပ်ခေါင်းဆောင်မှုဖြင့် ဆက်လက်တိုက်ပွဲဝင်ရာ မကြာခင် လွတ်လပ်ရေး ရခဲ့ကြသည်။

အနာဂတ် ကမ္ဘာ့ဖက်ဆစ်စနစ်အလားအလာနှင့် ပတ်သက်၍ ကျွန်တော်တို့ပြည်သူများ သတိဖြင့် ကာကွယ်သွားရန် လိုပေသည်။ အရင်းရှင်လက်ဂါးကြီးအုပ်စီးပွားရေးစနစ်ကြီးရှိနေသမျှ ၎င်းတို့၏ စီးပွားရေး၊ နိုင်ငံရေး အကျပ်အတည်းကြီးများ တွေ့ကြုံဖြစ်ပေါ်လာခဲ့သော် ကမ္ဘာ့ပြည်သူတို့မှာလည်း လုံလောက်သော နိုင်ငံရေးအသိဖြင့် စည်းစည်းရုံးရုံးမရှိခဲ့သော် ကွန်မြူနစ်စနစ်နှင့် ဒီမိုကရေစီစနစ်တို့ကို ဖိနှိပ်ချေမှုန်းပြီး ဤလူရိုင်းဖက်ဆစ်ဂါဒဆိုးကြီး တနည်းတဖုံဖြင့် ပြန်လည်ပေါ်ပေါက်နိုင်သည်ကို ကျွန်တော်တို့ အမြဲသတိပြု ကာကွယ်သွားရပေမည်။

ယခု ကမ္ဘာ့ဖက်ဆစ်စနစ်ဆိုးကြီး မရှိသော်လည်း နိုင်ငံအတော်များများတွင် အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ အချို့တွင် ကွန်မြူနစ်စနစ်ချေမှုန်းရေး၊ ဒီမိုကရေစီဖိနှိပ်ရေးတို့ဖြင့် စစ်တပ်များက အာဏာလွှမ်းမိုးပြီး ဖက်ဆစ်အသွင်တမျိုးဖြင့် စိုးမိုးနေကြမှုကို ပြည်သူတို့ ရင်ဆိုင်နေရပေသည်။ ကျွန်တော်တို့ ဗမာပြည်မှာလည်း စစ်အာဏာရှင်စနစ်လွှမ်းမိုးပြီး ဒီမိုကရေစီကို နှစ်ပေါင်းများစွာ ဖိနှိပ်လာခဲ့ရာ ဗမာပြည်သူတို့မှာ ဒီမိုကရေစီထွန်းကားရေး လှုပ်ရှားမှုကို ပြင်းထန်စွာ လုံးပန်းတိုက်ခိုက်နေရပေသည်။

ကျွန်တော်တို့သည် ကမ္ဘာ့ဖက်ဆစ်စနစ်၏ အစိတ်အပိုင်း ကျွန်တော်တို့ပြည်ပေါ် လွှမ်းမိုးလာသော ဂျပန်ဖက်ဆစ်စနစ်ကို လွန်ခဲ့သော အနှစ် ၄၀ ကျော် ၅၀ ခန့်က ဗမာပြည်သူတို့ တခဲနက်စည်းလုံးညီညွတ်စွာဖြင့် တော်လှန်အောင်ပွဲဆင်ခဲ့သည်ဖြစ်ရာ ယခုခေတ် ကျွန်တော်တို့ပြည်သူတို့၏ ဒီမိုကရေစီတော်လှန်ရေးကိုလည်း တစည်းတလုံးတည်း စည်းလုံးညီညွတ်စွာ လုံးပန်းတိုက်ခိုက်ကြပြီး အောင်ပွဲဆင်နိုင်ကြပါစေဟု ဆုတောင်းပန်ကြားလိုက်ပါသည်။

ဤသည်မှာ လွန်ခဲ့သော နှစ် ၅၀ခန့်က ဆင်နွှဲခဲ့သော ဖက်ဆစ်တော်လှန်ရေးကြီးတွင် အရေးကြီးသော အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုကြီး (ဖတပလ)(ဖဆပလ) ဖွဲ့စည်းနိုင်ရေးကဏ္ဍတွင် ကျွန်တော်ပါဝင်ဆောင် ရွက်ခဲ့ရသည့်အပိုင်းကို တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။ ။

ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော

ဤသမိုင်းဆိုင်ရာစာတမ်းကို "ဗမာပြည်ကွန်မြူနစ်ပါတီ၏ မော်ကွန်းတိုက်" မှ ကူးယူဖော်ပြပါသည်။
(စာတည်းအဖွဲ့)

ယခုတဖန် ဤစာတမ်းကို ဗမာပြည်ကွန်မြူနစ်ပါတီ၏အာဘော် ပြည်သူ့အာဏာဂျာနယ် (ဖက်ဆစ် တော်လှန်ရေး ရွှေရတုအထိမ်းအမှတ်၊ ၁၉၉၅ ခု မတ်လ၊ အမှတ် ၁၃) မှ ပြန်လည်ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။